# COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကွာရန်တင်းစင်တာ မဟုတ်သည့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်

(Version 1.0)

(Updated as of 3-6-2020)

## ခရီးသွားလာရေးနှင့် တည်းခိုခန်းလုပ်ငန်းကဏ္ဍများအတွက် သတ်မှတ်ထားသောအချက်များ

ဟိုတယ်များ၊ တည်းခိုခန်းများသည် ခရီးသွားများ ခေတ္တတည်းခိုနေထိုင်ခြင်းနှင့်အတူ အခြားသောဝန်ဆောင်မှုများ (အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊ သန့်ရှင်းရေး ဝန်ဆောင်မှုပေးခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း) လုပ်ဆောင်ခြင်းကြောင့် ဧည့်သည်အချင်းချင်းကြား၊ ဧည့်သည်နှင့် ဝန်ထမ်းများကြား၊ ဝန်ထမ်းအချင်းချင်းကြား ထိတွေ့ဆက်သွယ်မှုရှိနိုင်ခြင်းကြောင့် အလေးထားရန် လိုအပ်ပါသည်။

ဝန်ထမ်းတစ်ဦးချင်းစီတိုင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချမှတ်ထားသော **COVID –19** ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အခြေခံအချက်များ (ဥပမာ– လက်ကို စနစ်တကျ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦးကြား (၆)ပေ အကွာ ခပ်ခွာခွာ နေထိုင်ခြင်း၊ မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို မကြာခဏ ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း လိုက်နာရမည့်ကျင့်ဝတ်များအား လိုက်နာခြင်း၊ သံသယလက္ခဏာများ ခံစားရပါက မိမိနေအိမ်တွင်သာ နေထိုင်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူခြင်း) တို့ကို လိုက်နာရန် လိုအပ်ပါသည်။

## ၁။ ဧည့်လက်ခံကြိုဆိုရေးဌာန (Reception)

### (က) သတင်းအချက်အလက်ပေးခြင်းနှင့် ဆက်သွယ်ခြင်း

ဧည့်ကြိုဌာနမှ ဝန်ထမ်းသည် COVID–19 နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို သိရှိခြင်းဖြင့် မိမိလုပ်ဆောင်ရမည့် အလုပ်များကို တိကျစွာသိရှိပြီး လုပ်ငန်းနေရာအတွင်း အခြားသူများအား ကူးစက်စေခြင်းမှ ကာကွယ်နိုင်ပါမည်။ အဆိုပါဝန်ထမ်းများသည်–

(၁) ရောဂါကာကွယ်ရေးနှင့် ပတ်သက်သည့် သက်ဆိုင်ရာဒေသန္တရစည်းမျဉ်းများ၊ ဧည့်သည်များ၏ အခြားလိုအပ်ချက်များ (ဥပမာ– ဟိုတယ်အတွင်း (သို့မဟုတ်) အနီးရှိ ဆေးခန်း နှင့် ဆေးဆိုင်) ကို ဧည့်သည်များမှ မေးမြန်းလာချိန်တွင် သတင်းပေးနိုင်ရပါမည်။

(၂) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်းနှင့် အသက်ရှူရခက်ခဲခြင်းစသည့် လက္ခဏာရှိသော ဧည့်သည်များကို ဆရာဝန်နှင့်မတွေ့မီ မိမိအခန်းတွင်သာ နေထိုင်ရန်အကြံပေးခြင်း နှင့် ဧည့်သည်တစ်ဦး နာမကျန်းဖြစ်ပါက အကြောင်းကြားနိုင်ရန် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူ၊ ကျန်းမာရေးစင်တာများ၊ အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများ၏ ဖုန်းနံပါတ်များကို လည်း ပြုစုထားရပါမည်။

(၃) တစ်ဦးနှင့်တစ်ဦးကြား (၆) ပေအကွာ ခပ်ခွာခွာ နေထိုင်ခြင်းအပါအဝင် လိုအပ်သော ကာကွယ်ခြင်းများ အားလုံးကို လုပ်ဆောင်ထားရပါမည်။

(၄) ဧည့်ကြိုသူ အကြီးအကဲသည် COVID-19 ကူးစက်မှုရှိနေသော ဒေသတစ်ခုနှင့် တစ်ခုကြား၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြား ခရီးအသွားအလာနှင့် ပတ်သက်သည့် တရားဝင်သတင်းအချက်အလက်များကိုလည်း သိရှိနေရပါမည်။

(၅) ဧည့်ကြိုဌာနမှ ဝန်ထမ်းသည် COVID-19 သံသယလူနာတစ်ဦးတွေ့ရှိပါက မည်သို့ ဆောင်ရွက်ရမည်နှင့် အတူပါလာသောသူများအတွက် မည်သို့ဆောင်ရွက်ရမည်ကို သိရှိနေရပါမည်။

(၆) မျက်နှာပြင်များကို သန့်စင်ရန် ပိုးသတ်သန့်စင်ဆေးများ၊ မျက်နှာဖုံး၊ မျက်လုံးကာ၊ တစ်ခါသုံးလက်အိတ်၊ တစ်ခါသုံးရင်ဖုံးခါးစည်း (Apron)၊ ဝတ်ရုံရှည် (Full Length Long Sleeved Gown) နှင့် ရောဂါကူးစက်နိုင်သော အမှိုက်အမျိုးအစားများထည့်ရန် တစ်ခါသုံးအိတ်တို့ကို ထားရှိရပါမည်။

## (ခ) သတိပြုဆောင်ရွက်ရမည့် ကာကွယ်ရေးနည်းလမ်းများ

အနည်းဆုံး (၆) ပေ ကွာခြား၍နေခြင်း၊ ဧည့်သည်နှင့် (သို့မဟုတ်) ဝန်ထမ်းအချင်းချင်း လက်ဆွဲနှုတ်ဆက်ခြင်းများ ရှောင်ရှားခြင်း) ဧည့်သည်နှင့်ပစ္စည်းများ အပေးအယူပြုလုပ်ပြီးတိုင်း၊ ငွေ၊ အကြွေးဝယ်ကဒ် စသည်တို့ကို ကိုင်တွယ်ပြီးတိုင်းနှင့် မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တို့ကို ကိုင်တွယ်ခြင်း မပြုခင်တိုင်းတွင် လက်ကို ရေနှင့် ဆပ်ပြာ (သို့) အယ်ကိုဟောလ် (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျ၊ မကြာခဏသန့်စင်ခြင်းနှင့် **နှာချေ၊ ချောင်းဆိုးရာတွင် လိုက်နာရမည့်ကျင့်ဝတ်များ**ကို မိမိတို့ဝန်ထမ်းများအကြားနှင့် ဧည့်သည်များအကြားတွင်သိရှိနိုင်စေရန် ဆောင်ရွက်ထားရပါမည်။

## (ဂ) နေထိုင်မကောင်းသော ဧည့်သည်အား စောင့်ကြပ်ကြည့်ရှုခြင်း

တည်းခိုရာနေရာရှိ နေမကောင်းဖြစ်နိုင်ခြေရှိသူကို စောင့်ကြပ်ကြည့်ရှုရန်၊ ဆရာဝန်လာရောက်ကြည့်ရှုရခြင်းစသည့် အဖြစ်အပျက်မျိုးကို စနစ်တကျ မှတ်တမ်းတင်ထားရန်လိုအပ်ပြီး ယင်းသို့တွေ့ရှိလာပါကလည်း စီမံခန့်ခွဲမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသောဌာနများသို့ သတင်းပေးပို့ရမည်ဖြစ်ပါသည်။

# ၂။ နည်းပညာနှင့် ထိန်းသိမ်းမှုဝန်ဆောင်ရာဌာနများ (Technology and Maintenance Section)

- သုံးရေနှင့် ရေကူးကန်တွင်းရှိ ရေများကို ပိုးသတ်သန့်စင်ရာတွင် ပိုးသတ်သန့်စင်ဆေးပါဝင်မှု ပမာဏကို နိုင်ငံတကာ စံသတ်မှတ်ချက်၏ အမြင့်ဆုံးသတ်မှတ်ချက်ပမာဏတွင် ထိန်းသိမ်းထားသင့်ပါသည်။
- ပန်းကန်ဆေးရန်နှင့် လျှော်ဖွပ်ရန် အသုံးပြုသည့် ပစ္စည်းကိရိယာများ၏ အပူချိန်၊ အသုံးပြုရမည့် သန့်ရှင်းရေးနှင့် ပိုးသန့်ဆေးရည်များ၏ ပမာဏများ မှန်ကန်မှုရှိစေရန်တို့ကို စစ်ဆေးရပါမည်။

- လေအေးပေးစက်များ၏ လေစစ်ဇကာများအား ပုံမှန်စစ်ဆေးရန်နှင့် အခန်းအတွင်းရှိ လေများ ဖယ်ထုတ်နိုင်မှုနှုန်းများကို ထိန်းသိမ်းထားရန် လိုအပ်ပါသည်။
- အမိုးအကာရှိသော ရေကန်များ၏ လေဝင်လေထွက်၊ လေလဲလှယ်နိုင်မှုနှင့် အပူနှင့် စိုထိုင်းမှုထိန်း ကိရိယာများ ကောင်းမွန်စွာ လုပ်ဆောင်နေခြင်း ရှိ/မရှိ စစ်ဆေးရန် လိုအပ်ပါသည်။
- ဟိုတယ်တွင်း ဧည့်သည်များ၊ ဝန်ထမ်းများ အသုံးပြုသည့် အများသုံး ရေအိမ်များ၊ ထမင်းစား ခန်းမအဝင်၊ စားသောက်ဆိုင်များ၊ ဘားများစသည့် လူအများလာရောက်နိုင်သော နေရာများတွင် လက်ပိုးသတ်ဆေးရည်စက်များ (disinfectant dispenser)၊ လက်အခြောက်ခံစက်များ၊ အနည်းဆုံး အယ်ကိုဟောလ် (၆၀)% ပါသော လက်သန့်စင်ဆေးရည်နှင့် တစ်ခါသုံးတစ်ရှူးထည့်သည့် ဘူးများကို တပ်ဆင်ရန် လိုအပ်ပြီး ကောင်းမွန်စွာ လုပ်ဆောင်နေခြင်း ရှိ/မရှိ စစ်ဆေးရန် လိုအပ်ပါသည်။

## ၃။ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများရှိ စားသောက်ဆိုင်များ၊ စားသောက်ခန်းမများနှင့် ဘားများ

- ဝန်ထမ်းအချို့အား ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိ စစ်ဆေးနိုင်ရေး အတွက် ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန်အတိုင်း စနစ်တကျ လေ့ကျင့်သင်ကြား ပေးပြီး ဝန်ထမ်းများနှင့် စားသုံးသူများအား စစ်ဆေးပေးရန် အလှည့်ကျ တာဝန်ချထားရမည်။
- ဝန်ထမ်းများသည် လက်ကို ဆပ်ပြာနှင့်ရေတို့ဖြင့် အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် စနစ်တကျ ဆေးကြောစေခြင်း၊ နှာချေ/ချောင်းဆိုးစဉ် လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာခြင်း စသည့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများကို တိကျစွာ လုပ်ဆောင်ရပါမည်။
- ဧည့်သည်များအား စားသောက်ဆိုင်များ၊ စားသောက်ခန်းမများသို့ မဝင်မီနှင့် ပြန်လည်ထွက်ခွာ ချိန်တွင် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် စနစ်တကျ ဆေးကြောခြင်း (သို့မဟုတ်) အနည်းဆုံး အယ်ကိုဟောလ် (၆၀)% ပါသော လက်သန့်စင်ဆေးရည် ဖြင့် လက်ကိုဆေးကြောရန် အသိပေးသင့်ပြီး လက်ဆေးရန်နေရာများနှင့် လက်သန့်စင်ဆေးရည် များကို ဝင်ပေါက်နေရာများတွင် လုံလောက်စွာ ထားရှိပေးရပါမည်။
- ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသော အစားအစာ (Buffet, Self-service) များ ရောင်းချခြင်းကို ဆိုင်ဝန်ထမ်းကသာ ဝန်ဆောင်မှုပေးရမည်။
- ပန်းကန်၊ ဇွန်းများအား တစ်ခါသုံးပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ထားသော ပန်းကန်/ ဇွန်း များသာ အသုံးပြုရမည်။
- စားပွဲမျက်နှာပြင်များ၊ ဧည့်သည်များ၏ လက်ဖြင့်ထိတွေ့နိုင်သည့် အများသုံးပစ္စည်းများ (ဥပမာ- တံခါးလက်ကိုင်များ၊ ကုလားထိုင်များ၊ စားပွဲများ၊ ကောင်တာများ၊ ကော်ဖီစက်များ၊ ဆိုဒါစက် များ စသည်) တို့ကို (70 %) Ethyl Alcohol ဖြင့် မကြာခဏ သန့်ရှင်းရေး ပြုလုပ်ရမည်။

- လက်ဖြင့် ဆေးကြောရမည်ဆိုပါက ပိုးသတ်သန့်စင်ခြင်း၊ ရေနှင့် ဆပ်ပြာတို့ဖြင့် သေချာစွာ ဆေးကြောပြီး တစ်ခါသုံးစက္ကူများကို အသုံးပြု၍ ခြောက်သွေ့အောင် ပြုလုပ်ခြင်းနှင့် စားပွဲခင်းများ၊ လက်သုတ်ပုဝါများကိုလည်း ပုံမှန်လျှော်ဖွပ်ခြင်းများ ပြုလုပ်ရပါမည်။
- စားပွဲများ နေရာချထားရာတွင် ဖြစ်နိုင်ပါက (၁၀) စတုရန်းမီတာတွင် အများဆုံး လေးဦးသာ ထိုင်ရန် စီစဉ်သင့်ပြီး ထိုင်ခုံများ တစ်ခုံနှင့်တစ်ခုံ ကျောချင်းကပ်အနေအထားဖြင့် တစ်မီတာ အကွာ ခားလွယ်ခုတ်အနေအထား (သို့မဟုတ်) ဧည့်သည်များ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်း ဆိုင် အနေအထားဖြစ်ပါက အကာအရံများ ထားရှိရမည် ဖြစ်ပါသည်။

## ၄။ ကလေးများ၏ ကစားကွင်းနေရာများ

(က) ကလေးငယ်များကို စောင့်ရှောက်ရသောသူများသည် ကလေးငယ်များ အသက်ရှူလမ်းကြောင်း ဆိုင်ရာလက္ခဏာများ ပေါ်ပေါက်လာမှု ရှိ/မရှိကို စောင့်ကြည့်ပြီး ကလေးမိဘများနှင့် သက်ဆိုင်သူများကို ချက်ချင်းသတင်းပေးပို့သင့်ပါသည်။

(ခ) ဒေသဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများ၏ လမ်းညွှန်ချက်များကို မူတည်၍ ကလေးငယ်များ အနားယူအပန်းဖြေရာ ကစားကွင်းများကို ပိတ်ထားရန် လို/မလို စဉ်းစားရမည်ဖြစ်ပြီး ကစားကွင်းများကို အထူးသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပိုးသတ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

## ၅။ ဟိုတယ်ခန်းသန့်ရှင်းရေးကိစ္စများ

(က) ဟိုတယ်ခန်းများတွင် COVID-19 ရောဂါလူနာ နေထိုင်ခြင်းမရှိသော်လည်း သန့်ရှင်းရေး လုပ်ငန်းများကို ယခုကာလတွင် ပိုမိုတိုးမြှင့် ဆောင်ရွက်သင့်ပါသည်။

(ခ) သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်းများသည် အဓိကကာကွယ်ရေးလုပ်ငန်းတစ်ခုဖြစ်သော ကြောင့် လူအများအသုံးပြုသော/ထိတွေ့မှု များနိုင်သောနေရာများ (အိမ်သာများ၊ ခန်းမများ၊ ကော်ရစ်ဒါများ၊ ဓာတ်လှေကားများ၊ လက်ကိုင်လက်တန်းများ၊ ဓာတ်လှေကားခလုတ်၊ မီးခလုတ်၊ တံခါးဘုများ) တွင် အထူးအလေးထား ဆောင်ရွက်သင့်ကြောင်း သန့်ရှင်းရေး ဝန်ထမ်းများအား သေချာစွာညွှန်ကြားထားရမည်ဖြစ်ပြီး ပိုးသတ်သန့်စင်ဆေးရည်များကို အသုံးမပြုနိုင်သောနေရာများ (ဥပမာ- တယ်လီဖုန်း၊ ရီမုတ်ကွန်ထရိုး၊ တံခါးလက်ကိုင်များ၊ ဓာတ်လှေကားခလုတ်များ) အတွက် အယ်ကိုဟောလ် (၇၀)% ပါဝင်သော ပိုးသန့်စင်ဆေးရည် ကို အသုံးပြုသင့်ပါသည်။

(ဂ) ဧည့်သည်များ၊ ဝန်ထမ်းများ တည်းခိုနေစဉ် (သို့) ထွက်ခွာပြီး မကြာမီ နေမကောင်းဖြစ်ပါက သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများကို အထူးဆောင်ရွက်ရန် အစီအစဉ်များကို လည်း ရေးဆွဲထားရမည်ဖြစ်သကဲ့သို့ ပိုးသန့်စင်ဆေးရည် ဆေးဖျော်နည်း၊ ကိုင်တွယ် အသုံးပြုနည်းနှင့် သိမ်းဆည်းနည်းများ (အထူးသဖြင့် ပုံမှန်ထက်ပို၍ ပြင်းအားများနိုင်သည့်

အစွန်းချွတ်ဆေးရည်များအတွက် အသုံးပြုနည်း) အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးထားရပါမည်။

(ဃ) သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လမ်းညွှန်ချက်များတွင် သန့်ရှင်းရေးနှင့် အမှိုက်များ စီမံခန့်ခွဲခြင်း (အမှိုက်များကို အဖုံးပါသော အမှိုက်ပုံးကို အသုံးပြု၍ ဟိုတယ်မှသတ်မှတ်ထားသော အမှိုက်စွန့်ပစ်နည်းလမ်းများအတိုင်း စွန့်ပစ်ခြင်း) နှင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ (သန့်ရှင်းရေးလုပ်သားများကို တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးရမည်ဖြစ်ပြီး အသုံးပြုပြီးချိန်၊ ဖယ်ရှားပြီးချိန်နှင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းများ ပြီးစီးချိန်တွင် စနစ်ကျစွာ လက်ဆေးနည်းများ) ကို ရှင်းလင်းစွာ ရေးသားထားရမည်ဖြစ်ပြီး ဝန်ထမ်းများ လိုက်နာကျင့်သုံးရန် ညွှန်ကြားရမည်ဖြစ်ပါသည်။

## ၆။ ဟိုတယ်များ၊ တည်းခိုခန်းများတွင် ဝန်ထမ်း (သို့) ဧည့်သည်တစ်ဦး ရောဂါကူးစက်ခံရခြင်း

(က) **အလုပ်သမားတစ်ဦး ရောဂါကူးစက်ခံရပါက**

- အလုပ်သမားတစ်ဦးသည် ဖျားနာခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများဖြစ်ပေါ်လာပါက အလုပ်မှ အနားယူစေပြီး ကျန်းမာရေး စောင့်ရှောက်မှု ခံယူစေရပါမည်။
- အလုပ်သမားတစ်ဦးသည် ၎င်းနေအိမ်တွင် ဖျားနာခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်းစသည့် ရောဂါလက္ခဏာများဖြင့် နေမကောင်းပါက (သို့မဟုတ်) အဆိုပါရောဂါလက္ခဏာများ တွေ့ရှိရသည်ဟု ၎င်း၏ နေအိမ်မှ သတင်းပို့လာပါက ရောဂါလက္ခဏာများ အားလုံးပျောက်ကင်းသည်အထိ ဆရာဝန်အကြံပေးသည့် ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရပါမည်။

(ခ) **ဧည့်သည်တစ်ဦး ရောဂါ ကူးစက်ခံရပါက**

- ဖျားနာခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ပေါ်ပေါက်လာသူသည် ဟိုတယ်/တည်းခိုခန်းသို့ လာရောက်တည်းခိုသည့်ဧည့်သည် ဖြစ်ပါက ဟိုတယ်/တည်းခိုခန်းတွင် ဆက်လက်တည်းခိုရန် ခွင့်မပြုသင့်ပါ။
- သက်ဆိုင်ရာကျန်းမာရေးဌာနမှ တာဝန်ရှိသူများ လာရောက်သည်အထိ အခန်းတစ်ခုတွင် သီးသန့်ယာယီထားရှိပြီး အခြားဧည့်သည်များနှင့် အတူမထားရှိရပါ။
- အဆိုပါအခန်းသို့ အခြားသူများ လာရောက်လည်ပတ်ခြင်းကိုလည်း ခွင့်မပြုရပါ။ အခန်းရရှိနိုင်မှု အပေါ်မူတည်၍ အတူနေထိုင်သူရှိပါက ၎င်းကို သီးသန့်အခန်း ခွဲပေးရပါမည်။

သံသယလူနာအား ကယ်ဆယ်/ကူညီပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Covid-19 ရောဂါသံသယလူနာများနှင့် ရောဂါပိုးတွေ့ရှိသူလူနာများအား လူနာတင်ယာဉ်ဖြင့် လွှဲပြောင်းပေးပို့ရာတွင် လိုက်နာဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရပါမည်။

(ဂ) **အခန်းတွင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း**

- လူနာ၏ အသက်ရှုလမ်းကြောင်းမှအရည် (သို့မဟုတ်) ကိုယ်ခန္ဓာမှ အရည်များနှင့် ထိတွေ့မှု ရှိနိုင်သော မျက်နှာပြင်များ (ဥပမာ– အိမ်သာ၊ လက်ဆေးဘေစင်၊ ရေချိုးကန် များ) ကို (၀.၁) % ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်ဆေးရည် (၁၀၀၀ppm) ပါဝင်သော ပုံမှန်အိမ်သုံးပိုးသန့်စင်ဆေးရည် ဖြင့် ဆေးကြောသန့်စင်ပြီး ဆယ်မိနစ် (လုံလောက်သော ထိတွေ့ချိန်) ကြာလျှင် မျက်နှာပြင် များကို ရေဖြင့် ပြန်လည်ဆေးကြော သန့်စင်ရမည်။
- ဖြစ်နိုင်ပါက တစ်ခါသုံး သန့်ရှင်းရေးပစ္စည်းများကို အသုံးပြုသင့်ပြီး အဝတ်ဖြင့် ပြုလုပ်ထား သော (သို့မဟုတ်) ရေစုတ်နိုင်သောပစ္စည်းများ (ဥပမာ– ကြမ်းတိုက်အဝတ်) များကို ပြန်လည် အသုံးမပြုရပါ။
- ပြန်လည်အသုံးပြုမည်ဆိုပါက အခြားအခန်းများအတွက် အသုံးမပြုမီ (၀.၅) % ဆိုဒီယမ်ဟိုက်ပို ကလိုရိုက်ပါဝင်သော ဆေးရည်ဖြင့် ထုတ်လုပ်သူမှ ညွှန်ကြားထားသည့်အတိုင်း ပိုးသတ်ရ ပါမည်။
- အထည်အလိပ်များ၊ အိပ်ယာခင်းများ၊ အဝတ်အစားများကို ဖုံမှုန့်များ မထွက်စေရန်နှင့် ပတ်ဝန်းကျင်ရှိ မျက်နှာပြင်များ၊ လူများသို့ မရောက်ရှိစေရန် သတ်မှတ်ထားသော အဝတ် လျှော်အိတ်အတွင်းသို့ သေချာစွာဂရုပြုပြီး အဝတ်လျှော်ဆပ်ပြာ အသုံးပြု၍ အပူချိန် (၇၀ ဒီဂရီစင်တီဂရိတ်နှင့် အထက်) ဖြင့် လျှော်ဖွပ်ရပါမည်။
- ယေဘုယျအားဖြင့် လူနာဖြတ်သန်းသွားလာသောနေရာ (သို့မဟုတ်) ခေတ္တရပ်နားခဲ့သော စင်္ကြံနှင့်လမ်းများကို အထူးသန့်ရှင်းရေးနှင့် ပိုးသတ်ရန် မလိုအပ်ပါ။
- အခန်းများအားလုံးနှင့် အများသုံးနေရာများအားလုံး နေ့စဉ်လေဝင်လေထွက် ကောင်းမွန်နေစေရ ပါမည်။
- အခန်းသန့်ရှင်းရေး တာဝန်ကျသော ဝန်ထမ်းများသည် ဧည့်သည်များ ၎င်းတို့၏ အခန်းတွင်း နေထိုင်မကောင်းသည်ကို တွေ့ရှိပါက စီမံခန့်ခွဲသူထံ (သို့) ကြိုဆိုရေးဌာနများသို့ အကြောင်း ကြားရမည်ဖြစ်ပီး သတင်းအချက်အလက်များကို လုံခြုံမှုရှိစေရန် သတိထားရမည်။
- အခန်းတွင်းနေထိုင်သော ဧည့်သည်မှ မိမိဆန္ဒအလျောက် သန့်ရှင်းရေးပြုလုပ်မည့် အစီအစဉ် များရှိပါက ဝန်ထမ်းနှင့်ဧည့်သည်များ၏ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရစေရန် ခေတ္တရပ်ဆိုင်း ထားသင့်ပါသည်။

(ဃ) **ထိတွေ့သူများကို ရှာဖွေခြင်းနှင့် စီမံခြင်း**

ထိတွေ့သူများကို ရှာဖွေခြင်းနှင့် စီမံခြင်း ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ညွှန်ကြားထားသော COVID-19 ပိုးတွေ့လူနာများနှင့် ထိတွေ့ဆက်စပ်မှုရှိခဲ့သူများ သိရှိစေရန် အချက်အလက်များနှင့် သတင်းပေးပို့ရန် (COVID-19 Contact Tracing and Reporting) နှင့် အညီ ဆောင်ရွက်ရပါမည်။

(င)	**ထိတွေ့ဆက်စပ်မှု မရှိသော ဧည့်သည်များ**

ထိတွေ့ဆက်စပ်မှုမရှိသော ဧည့်သည်များကို ကူးစက်နိုင်ခြေနည်းပါးသူများဟု သတ်မှတ်နိုင်သော်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

(စ)	**ကုန်ပစ္စည်း ပို့သူများနှင့် ဝန်ဆောင်မှု ပေးသူများ**

ကန်ထရိုက်တာများ၊ ကုန်ပစ္စည်း ပို့သူများနှင့် ဝန်ဆောင်မှုပေးသူများ အားလုံးအတွက် COVID-19 ရောဂါပျံ့နှံ့မှုကို ကာကွယ်သည့်စနစ်ရှိရမည်ဖြစ်ပြီး လိုက်နာရန် လိုအပ်ပါသည်။

**လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲနှင့်**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**(၃-၆-၂၀၂၀)**